# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

## e-Newsletter

Vol.2 No.4 April


## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ အရာရှိကြီးများအတွက် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းနှင့် စပ်လျဉ်း၍ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ



မတ်လ ၁၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယဖြစ်သဖြင့် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိရာ “ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ” ကို ရန်ကုန်မြို့ရှိ Lotte Hotel ၌ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့၊ ၀၉:၀၀ နာရီ အချိန်မှ ၁၂:၀၀ နာရီ အချိန်ထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလုပ်ရုံဆွေးနွေးပွဲတွင်ပါဝင်ဆွေးနွေးကြမည့် အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်က မိတ်ဆက်စကား ပြောကြားခဲ့ပါသည်။




ဖွင့်ပွဲအခမ်းအနားပြုလုပ်ဆောင်ရွက်ပြီးနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ ဦးစွာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းနှင့်သက်ဆိုင်သော မှတ်တမ်း Video များပြသ၍ ကြေညာစာတမ်းအား ဆွေးနွေးမိတ်ဆက်ခဲ့ပြီး ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးနှင့် ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးတို့က အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာအပေါ် အနှစ်ချုပ် ပြန်လည်ဆွေးနွေးခဲ့ပြီး ပါဝင်တက်ရောက်လာသော အရာရှိများက သိရှိလိုသည့် မေးခွန်းများကို မေးမြန်းခဲ့ကြရာ သက်ဆိုင်ရာပုဂ္ဂိုလ်များက ကဏ္ဍအလိုက် အသီးသီး ပြန်လည်ဖြေကြားခဲ့ကြပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ယခုကဲ့သို့သော အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များအတွင်း လူ့အခွင့်အရေး အသိပညာ တိုးပွားလာခြင်းနှင့်အတူ ပြည်သူများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် လူ့အခွင့်အရေး အခြေခံဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။



## အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပါဝင်တက်ရောက်ခြင်း



မတ်လ ၂၉ ရက်

အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဖိုရမ်၏ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ၂၉-၃-၂၀၂၃ ရက်နေ့မှ ၃၀-၃-၂၀၂၃ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ Hybrid format ဖြင့် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမှုန်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးပေါ်လွင်စိန်၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက Video Conferencing System အသုံးပြု တက်ရောက်ခဲ့ကြပြီး ဖိုရမ်အဖွဲ့ဝင်များဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလက ကျင်းပခဲ့သော ဖိုရမ်၏ (၁၉) ကြိမ်မြောက် နှစ်

ပတ်လည်အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင်အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အရှေ့တောင်အာရှအမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေး ကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ ဦးစားပေးကိစ္စရပ် တစ်ခုစီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင်အမျိုးသားလူ့အခွင့် အရေးအဖွဲ့အစည်းများ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ SEANF Annual Plan 2023 အတည်ပြုခြင်း၊ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR) နှင့် SEANF တို့ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ ASEAN Environmental Rights Framework ရေးဆွဲနိုင်ရေး ကိစ္စရပ်များ၊ Safety of Journalists နှင့်စပ်လျဉ်း၍ Action Plan ရေးဆွဲနိုင်ရေး ကိစ္စရပ်များ၊ သက်ကြီးရွယ်အိုများ အခွင့်အရေးနှင့် စပ်လျဉ်း၍ နိုင်ငံတကာသဘောတူစာချုပ် ဖြစ်ပေါ်လာရေးအတွက် Campaign ပြုလုပ်နိုင်ရေး ကိစ္စရပ်များ၊ SEANF ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် SEANF ၏ (၂၀) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပနိုင်ရေးကိစ္စရပ်များ၊ SEANF နှင့် FORUM-ASIA/ ANNI တို့ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ Sabah ရှိ နိုင်ငံမဲ့ဖြစ်နေသူများ အရေးကိစ္စနှင့် စပ်လျဉ်း၍ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် SEANF နှင့် OHCHR တို့ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များတို့ကို ဆွေးနွေးခဲ့ကြပါသည်။

လုပ်ငန်းအဖွဲ့ အစည်းအဝေး၌ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလက ကျင်းပခဲ့သော ဖိုရမ်၏ (၁၉) ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးနောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများကို ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်က ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများကို ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကော်မရှင်က ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသော SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် "စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန်" ကိစ္စရပ်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးခဲ့ပါသည်။

ဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင်လည်းကောင်း၊ (၂၀) ကြိမ်မြောက် လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင်လည်းကောင်း ကျင်းပသွားရန် လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ကနဦး သဘောတူညီမှု ရရှိခဲ့ပါသည်။

---

## နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်တွင်ကျင်းပပြုလုပ်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပွဲ အခမ်းအနားတက်ရောက်

မတ်လ ၃ ရက်

၃-၃-၂၀၂၃ ရက်နေ့ (၀၉:၀၀) နာရီအချိန်တွင် နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ သာသနာ့မဟာဗိမာန်တော်ကြီးတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့် ခြင်းခံရသည့် ဘွဲ့ခံဆရာတော် (၁၄၈) ပါးနှင့် သီလရှင် (၃) ပါး၊ စုစုပေါင်း (၁၅၁) ပါးတို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့် တက်ရောက်၍ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ပြီး ၅-၃-၂၀၂၃ ရက်နေ့ (၁၃:၀၀) နာရီ အချိန်မှ (၁၅:၀၀) နာရီအချိန်အထိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ သာသနာ့မဟာဗိမာန်တော်ကြီးတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ

ဆက်ကပ်ချီးမြှင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့် တက်ရောက်ခဲ့ပါသည်။

## နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်တွင်ကျင်းပပြုလုပ်သည့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနား တက်ရောက်လောင်းလှူမှုတော်



### မတ်လ ၅ ရက်

၅-၃-၂၀၂၃ ရက်နေ့(၁၆:၀၀) နာရီအချိန် နေပြည်တော်၊ ဥပ္ပါတသန္တိ စေတီတော်ရင်ပြင် ပတ်လမ်း၌ ကျင်းပပြုလုပ်သည့် ဆွမ်းဆန်တော် လောင်းလှူပွဲတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်ခြင်းခံရသည့် ဘွဲ့ခံဆရာတော် (၁၄၈) ပါးနှင့် သီလရှင် (၃) ပါး၊ စုစုပေါင်း (၁၅၁) ပါးတို့အား လှူဖွယ်ဝတ္ထု ငွေ ၃,၀၂၀,၀၀၀/-ကျပ်၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဝင် ဆရာတော် (၂) ပါးတို့အတွက် လှူဖွယ်ဝတ္ထု ငွေ/လှူဖွယ်ပစ္စည်းတန်ဖိုး ၅၀၀,၀၀၀/- နှင့် လှူဖွယ်ပစ္စည်း (၄) မျိုး ပါဝင်သော ပစ္စည်း (၁၅၁) ထုပ် တို့ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်း၊ အဖွဲ့ဝင်ဒေါ်နုနုယဉ်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်တို့မှ ပါဝင်လောင်းလှူခဲ့ကြပါသည်။



## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးများကျင်းပခြင်း



### မတ်လ ၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန် အစည်းအဝေးအမှတ်စဉ် (၃/ ၂၀၂၃) ကို ၂၄-၃-၂၀၂၃ ရက်နေ့တွင် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင် အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများကတင်ပြ ဆွေးနွေးခဲ့ကြပါသည်။ ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၃) ကို ၈-၃-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှု၊ စီမံခန့်ခွဲရေးကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု တင်ပြဆွေးနွေးခြင်း အစီအစဉ်ကျင်းပခြင်း




မတ်လ ၁၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ရုံးဝန်ထမ်းများ လူ့အခွင့်အရေး အသိပညာဗဟုသုတ တိုးပွားလာစေရန်နှင့် အင်္ဂလိပ်စာ စွမ်းရည်တိုးတက်မြင့်မား လာစေရန်အတွက် လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများကို အင်္ဂလိပ်ဘာသာဖြင့် ဆွေးနွေးတင်ပြသည့် အခမ်းအနားကို ၁၀-၃-၂၀၂၃ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး၊ Conference Room ၌ Hybrid Format ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါ အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြော ကြားခဲ့ပါသည်။ ထို့နောက် အစီအစဉ်အရ ဥပဒေရေးရာဌာနမှ ဦးစီးအရာရှိများဖြစ်ကြသော ဒေါ်မေနှင်းသူနှင့် ဒေါ်အေးစန္ဒာမြင့်တို့က “4 Pillars of the Rights of the Child” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြခဲ့ရာ အဆိုပါ ဆွေးနွေးတင်ပြမှုအပေါ် ကော်မရှင်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသော ကော်မရှင်အဖွဲ့ဝင်များက လိုအပ်သည်များ ဆွေးနွေးအကြံပြုခဲ့ကြပြီး အခမ်းအနားကို နံနက် ၁၁:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထားသော သီလရှင်ကလေးများ ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခြင်း



မတ်လ ၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်သူမြိုင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၃-၃-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထားသော သီလရှင်ကလေးများ ဘိုးဘွားရိပ်သာတို့ကို သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထားသော သီလရှင်ကလေးများ ဘိုးဘွားရိပ်သာတို့၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေ၊ အစားအစာကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပေးမှု အခြေအနေစသည့် အခြေခံ လူ့အခွင့်အရေးများရရှိခြင်း ရှိ မရှိတို့ကို စစ်ဆေးခြင်းနှင့် ဘိုးဘွားအိပ်ဆောင်များအား ကြည့်ရှု စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထားသော သီလရှင်ကလေးများ ဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးရေး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ပါသည်။



## ဦးစီးအရာရှိမှ လက်ထောက်ညွှန်ကြားရေးမှူး ရာထူးသို့တိုးမြှင့်နိုင်ရေးဆောင်ရွက်ခြင်း

မတ်လ ၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ လစ်လပ်လျက်ရှိသည့် လက်ထောက်ညွှန်ကြားရေးမှူးရာထူးနေရာများအတွက် ဦးစီးအရာရှိ (၇) ဦးအား ၂၀၂၃ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ဦးစီးအရာရှိမှ လက်ထောက်ညွှန်ကြားရေးမှူးသို့ ရာထူးတိုးမြှင့်နိုင်ရေး အရည်အချင်းစိစစ်ရေးအဖွဲ့က လုပ်ငန်းနှင့်သက်ဆိုင်သည့် စာတမ်းရေးသားတင်ပြနိုင်စေရေး ခေါင်းစဉ်များ မဲနှိုက်ရွေးချယ်ပေးခဲ့ပါသည်။ သတ်မှတ်ခေါင်းစဉ်အလိုက်ပြုစုထားသောခေါင်းစဉ်များအား ၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် အရည်အချင်းစိစစ်ရေးအဖွဲ့ထံ အပ်နှံစေခဲ့ပြီး မတ်လ ၂၉ ရက်နေ့တွင် အရည်အချင်းစိစစ်ရေးအဖွဲ့ဝင်များ ဖြစ်ကြသော ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဒေါ်နုနုယဉ်တို့က တင်ပြသည့်စာတမ်းများအပေါ် ပြန်လည်မေးမြန်းခြင်း၊ အထွေထွေဗဟုသုတများနှင့် လူ့အခွင့်အရေးဆိုင်ရာများကို လူတွေ့မေးမြန်းခြင်း ဆောင်ရွက်ခဲ့ပါသည်။

---

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ သာယာဝတီဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း



မတ်လ ၂၁ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၁-၃-၂၀၂၃ ရက်နေ့တွင် သာယာဝတီ ဗဟိုအကျဉ်းထောင်သို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဗဟိုအကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင် အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ၊ မရှိ ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

ဗဟိုအကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ အကျဉ်းထောင်ဆေးရုံ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိတို့ကို ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ထို့ပြင် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၁၀၀ အုပ်တို့ကို ကော်မရှင်မှ သာယာဝတီဗဟိုအကျဉ်းထောင်ကို လှူဒါန်းခဲ့ရာ တာဝန်ခံအရာရှိမှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။



## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် သင်ခန်းစာပို့ချ



မတ်လ ၂၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၁၀၅) နှင့် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၂၁၆) တို့ကို ၂၂-၃-၂၀၂၃ ရက်နေ့ ၁၂:၀၀ နာရီအချိန်မှ ၁၅:၀၀ နာရီ အချိန်ထိ သင်ခန်းစာသွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများ အကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့် အရေးကြေညာ စာတမ်း အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းစသည့် ဘာသာရပ်သင်ခန်းစာများ အသီးသီး ပို့ချခဲ့ပါသည်။ တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၁၀၅) ၌ သင်တန်းသား ဦးရေ (၆၂) ဦးနှင့် ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၁၆) ၌ သင်တန်းသားဦးရေ (၁၁၅) ဦး စုစုပေါင်း သင်တန်းသားဦးရေ (၁၇၇) ဦး တက်ရောက်ခဲ့ကြပါသည်။



## သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ



မတ်လ ၂၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည်ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန် မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့် နှင့် ဦးစီးအရာရှိ ဦးကောင်းခန့်ဇင်တို့သည် မရမ်းကုန်းမြို့နယ်ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်

ရေးဂေဟာတွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းအပတ်စဉ် (၁၃) ၌ ၂၀-၃-၂၀၂၂ ရက်နေ့ နံနက် ၀၉:၀၀ နာရီမှ နေ့လယ် ၁၂:၀၀ နာရီ အချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်သည် လူ့အခွင့်အရေး အခြေခံအယူအဆများနှင့် ဦးစီးအရာရှိ ဦးကောင်းခန့်ဇင်သည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် သက်ကြီးရွယ်အို အခွင့်အရေးများစသည့် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်းသင်တန်းသားဦးရေ (၂၀) ဦးနှင့် ကျောင်းမှဘိုးဘွားများ တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က ပြန်လည်ဖြေကြားခဲ့ပါသည်။



## ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခြင်း

မတ်လ ၈ ရက်


လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၈-၃-၂၀၂၃ ရက်နေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂)၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် "၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနား" သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် သင်ခန်းစာပို့ချ



မတ်လ ၂၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၈၅) နှင့် အမှတ်စဉ် (၈၆) တို့ကို ၂၂-၃-၂၀၂၃ ရက်နေ့ ၁၂:၀၀ နာရီအချိန်မှ ၁၅:၀၀ နာရီအချိန်ထိ Video Conferencing system ဖြင့် သင်ခန်းစာပို့ချခဲ့ပါသည်။



အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင်ဒေါက်တာတင်မောင်မောင်သန်းက လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်းကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်း များအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့်ဘာသာရပ် သင်ခန်းစာများ အသီးသီးပို့ချခဲ့ပါသည်။ တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)၊ ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၈၅) ၌ သင်တန်းသားဦးရေ (၁၁၇) ဦးနှင့် အမှတ်စဉ် (၈၆) ၌ သင်တန်းသားဦးရေ (၁၂၁) ဦး စုစုပေါင်းသင်တန်းသားဦးရေ (၂၃၈) ဦး တက်ရောက်ခဲ့ကြပါသည်။

---

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ပူတာအိုအကျဉ်းထောင်၊ ပူတာအိုမြို့နှင့် မချမ်းဘောမြို့များရှိ မြို့မရဲစခန်းအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးခြင်း



မတ်လ ၁၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှအဖွဲ့ဝင်ဦးတင်အောင်ဦးဆောင်၍ညွှန်ကြားရေးမှူးချုပ် ဦး ဘု န်း ကြွ ယ် ပါ ဝ င် သော ကြ ည့် ရှု စ စ် ဆေး ရေး အဖွဲ့သည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ ပုဒ်မ ၄၃ နှင့် ၄၄ အရ ၁၅-၃-၂၀၂၃ ရက်နေ့တွင် ပူတာအိုအကျဉ်းထောင်၊ ပူတာအိုမြို့နှင့် မချမ်းဘောမြို့များရှိ မြို့မရဲစခန်းအချုပ်ခန်းများကို သွားရောက်၍ ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်နှင့် မြို့မရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင် အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေလုပ်ထုံးလုပ်နည်း၊ ထုတ်ပြန်ချက်များနှင့် အညီ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ၊ မရှိ၊ ရသင့် ရထိုက်သော အသုံးအဆောင် ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ အကျဉ်းထောင် ဆေးပေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များနှင့် အတွင်း/အပြင်မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိ တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၅၀ အုပ်တို့ကို ကော်မရှင်မှ ပူတာအိုအကျဉ်းထောင်ကို လှူဒါန်းခဲ့ရာ တာဝန်ခံအရာရှိမှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။



## စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ

မတ်လ ၂၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြင့် တင်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက်အခါသမယတွင် လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် တင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) တွင် ဖွင့်လှစ်လျက်ရှိသော ဥပဒေဘာသာရပ် (အထူး) သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ၌ ၂၉-၃-၂၀၂၃ ရက်နေ့ နံနက် ၈:၀၀ နာရီမှ ၉:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေး ဆိုင်ရာ သင်ခန်းစာ များသွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် လူ့အခွင့်အရေးအခြေခံ အယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အကြောင်းသိကောင်းစရာစသည့် သင်ခန်းစာဘာသာရပ်များပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်းသင်တန်းသား ဦးရေ (၂၀) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ပြန်လည်ဖြေကြားခဲ့ပါသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ



မတ်လ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက်အခါ သမယတွင် လူ့အခွင့်အရေးမြှင့်တင် ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော ခရိုင်ရဲတပ်ဖွဲ့မှူးသင်တန်း အမှတ်စဉ် (၇/၂၀၂၂) ၌ ၃၀-၃-၂၀၂၃ ရက်နေ့ နံနက် ၀၇:၃၀ နာရီမှ ၀၉:၅၀ နာရီ အချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက် ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် လူ့အခွင့်အရေးအခြေခံ အယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာ စာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးအကြောင်း သိကောင်းစရာစသည့် သင်ခန်းစာ ဘာသာရပ်များ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၅၀) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ပြန်လည်ဖြေကြားခဲ့ပါသည်။

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ

မတ်လ ၂၀ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင် ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင်ဖွင့်လှစ်လျက်ရှိသော ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း၊ အမှတ်စဉ် (၁၂) နှင့် အဆင့်မြင့်အရာထမ်းသင်တန်း၊ အမှတ်စဉ် (၁၃) တို့ကို ၀၈:၀၀ နာရီအချိန်မှ ၁၁:၅၀ နာရီ အချိန်ထိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများသွား ရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင်ဒုတိယညွှန်ကြားရေးမှူးချုပ်က လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့်ဘာသာရပ်များ ပို့ချခဲ့ပါသည်။ ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးသင်တန်း၊ အမှတ်စဉ် (၁၂) ၌ သင်တန်းသားဦးရေ (၁၇) ဦးနှင့် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၁၃) ၌ သင်တန်းသားဦးရေ (၃၉) ဦးစုစုပေါင်း သင်တန်းသားဦးရေ (၅၆) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ပြန်လည်ဖြေကြားခဲ့ပါသည်။

---

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ



မတ်လ ၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်းအရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဖွင့်လှစ်သည့် "လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ အသိပညာမြင့်မားရေး သင်တန်း" တွင် ၆-၃-၂၀၂၃ ရက်နေ့၊ ၁၀:၃၀ နာရီအချိန်မှ ၁၄:၁၅ နာရီ အချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ ခဲ့ပါသည်။

အဆိုပါသင်တန်း၌ လူ့အခွင့်အရေးဆိုင်ရာ အခြေခံစည်းမျဉ်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ စသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ စုစုပေါင်း သင်တန်းသူ/သားဦးရေ (၂၅) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ပြန်လည်ဖြေကြားခဲ့ပါသည်။

## အကျဉ်းဦးစီးဌာန၊ ရုံးအမှတ် (၄၉) နေပြည်တော်တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများသွားရောက်ပို့ချ



မတ်လ ၂၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေးမြှင့်တင် ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် တင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် အကျဉ်းဦးစီးဌာန၊ ရုံးအမှတ် (၄၉) နေပြည်တော်တွင် ဖွင့်လှစ်လျက်ရှိသော ထောင်တာဝန်ခံအရာရှိသင်တန်း အမှတ်စဉ် (၁၇) ၌ ၂၀-၃-၂၀၂၃ ရက်နေ့ မွန်းလွဲ ၁၂:၀၀ နာရီမှ ၁၆:၀၀ နာရီအချိန်တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများသွားရောက်ပို့ချခဲ့ပါသည်။

သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့် အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသား ဦးရေ (၄၀) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပြန်လည်ဖြေကြားခဲ့ပါသည်။

---

## ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်း (မန္တလေး) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ



မတ်လ ၂၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့် တင်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင် ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန် မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး) ၌ ဖွင့်လှစ်လျက်ရှိသည့် လက်ထောက်ကြီးကြပ်ရေးမှူး-၁ သင်တန်းအမှတ်စဉ် (၁၇) ၌ ၂၂-၃-၂၀၂၃ ရက်နေ့ မွန်းလွဲ ၁၂:၀၀ နာရီမှ ၁၆:၀၀ နာရီအချိန်တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

သင်တန်းတွင်ဒုတိယညွှန်ကြားရေးမှူးဒေါ်မိမိခိုင်က လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသား ဦးရေ (၁၄၉) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပြန်လည်ဖြေကြားခဲ့

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး (၄) ကြိမ်မြောက်ထိုးနှံခြင်း

မတ်လ ၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် ဒေသန္တရ ကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်း၍ ၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ကိုဗစ် – ၁၉ ကာကွယ်ဆေး (၄) ကြိမ်မြောက် Booster Dose ထိုးနှံခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ကော်မရှင် ရုံးချုပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော Booster Dose ထိုးနှံမှု (၆) လပြည့်သည့် ကော်မရှင်အဖွဲ့ဝင် (၂) ဦး၊ ကော်မရှင်အဖွဲ့ဝင်ဇနီး (၁) ဦး၊ ကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်း (၂၆) ဦး ထိုးနှံခဲ့ကြပြီး ကျန်ရှိသည့် အရာထမ်း၊ အမှုထမ်းများအား ဆက်လက်ထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

---

## ကော်မရှင်ရုံးချုပ်တွင် တာဝန်ထမ်းဆောင်မည့် အငယ်တန်းစာရေးများအား လူတွေ့စစ်ဆေးခြင်းများဆောင်ရွက်

မတ်လ ၁၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး အလုပ်လျှောက်လွှာခေါ်ယူခြင်းကို နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာနှင့် မြဝတီသတင်းစာတိုက်များမှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကြော်ငြာထည့်သွင်းခေါ်ယူခဲ့ပါသည်။ အငယ်တန်းစာရေးနေရာများအတွက် (၇) ဦး လာရောက်လျှောက်ထားခဲ့ပြီး အရည်အချင်းစိစစ်ရေးအဖွဲ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် အရည်အချင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပါသည်။ အငယ်တန်းစာရေး ခန့်အပ်ခြင်းခံရသည့် ဝန်ထမ်းများအား ကော်မရှင်ရုံး၏ ရုံးအမိန့်အမှတ် (၆၁/၂၀၂၃)ဖြင့် ခန့်အပ်ခဲ့ပြီး ကော်မရှင်၏ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သိရှိနိုင်စေရေးအတွက် ဌာန (၆) ခုအား အလှည့်ကျလေ့လာခဲ့ပါသည်။

---

## Firewall တပ်ဆင်ဆောင်ရွက်ထားရှိခြင်း



မတ်လ ၂၈ ရက်

ကော် မ ရှ င် ရုံး တွ င် အ သုံး ပြု လျ က် ရှိ သော ကော်မရှင် Website၊ Data Server၊ Complain Server နှင့် Computer များကို ပြင်ပမှ ဆိုက်ဘာတိုက်ခိုက်မှုများ အန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ၂၈-၃-၂၀၂၃ ရက်နေ့တွင် Firewall တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး၍ စတင်အသုံးပြုလျက်ရှိပါသည်။

## Computer ကျွမ်းကျင်မှုစစ်ဆေးခြင်း



မတ်လ ၁၅ ရက်

မြန်မာနိုင်ငံအမျိုးသာလူ့အခွင့်အရေးကော်မရှင်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး ရာထူးနေရာတွင် ခန့်အပ်နိုင်ရေးအတွက် လူတွေ့လာရောက်ဖြေဆိုသူများအား Computer ကျွမ်းကျင်မှု စစ်ဆေးခြင်းကို e-Government ဌာနမှ ၁၅-၃-၂၀၂၃ ရက်နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။

## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ တိုင်တန်း ချက် (၂၉) စောင်၊ ဇန်နဝါရီလ လက်ကျန် (၄) စောင်၊ စုစုပေါင်း (၃၃) စောင် စိစ်ဆေးဆုံးဖြတ်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင် စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၃) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၂) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများသို့လည်းကောင်း၊ တိုင်တန်းချက် (၃) စောင်ကို ကာယကံရှင် ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၁၅) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ခ) အရ လည်းကောင်း၊ ကော်မရှင်ဥပဒေ ပုဒ်မ ၃၂(ဂ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ တိုင်စာ အင်္ဂါရပ်နှင့်မညီညွတ်၍လည်းကောင်း မှတ်တမ်းထားရှိပါသည်။ ဖေဖော်ဝါရီလတွင် တိုင်တန်းချက် လက်ကျန် ၁၃ စောင် ရှိပါသည်။

---

ဆောင်းပါး

## အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးတို့ အနာဂတ်

အေးစန္ဒာမြင့်

"အမျိုးသမီးအခွင့်အရေး" ဆိုတဲ့စကားစုဟာ သာမန်ပြောလိုက်ချိန်မှာ ပေါ့ပေါ့ပါးပါးနဲ့ လွယ်လင့် တကူ ရှိလှပေမယ့် လေးလေးနက်နက်တွေးဆကြည့်လိုက်မယ် ဆိုရင် အခိပ္ပာယ်များစွာ ရှိနေပါတယ်။ အထူးသဖြင့် အာရှ တိုက်ဆီက နိုင်ငံအများစုမှာ အမျိုးသမီးတွေဆိုရင် ကျား၊ မ ခွဲခြားမှု ပုံစံမျိုးနဲ့ ပြုမူဆက်ဆံမှုတွေက ရှိနေဆဲဖြစ်ပါ တယ်။ အာရှတိုက်ရဲ့ ဒီမိုကရေစီစနစ် ကျင့်သုံးလျက်ရှိ သော မြန်မာ့အိမ်နီးချင်းနိုင်ငံများ ဖြစ်သည့် အိန္ဒိယ၊ ဘင်္ဂ လားဒေ့ရှ်၊ သီရိလင်္ကာစတဲ့ နိုင်ငံတွေကို လေ့လာကြည့် လိုက်မယ်ဆိုရင်လည်း အမျိုးသမီးအခွင့်အရေးက အားရ ကျေနပ်ဖွယ် ကောင်းလောက်တဲ့ အနေအထားတစ်ခုရရှိမှု မရှိသေးပါဘူး။ ဒါကြောင့်လည်း ကမ္ဘာ့ဒေသ အသီးသီးမှာ အမျိုးသမီးအခွင့်အရေး အပြည့်အဝရနေပြီလားဆိုတာ ကို ဒီနေ့အထိ မေးခွန်းထုတ်နေကြရတာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ထုတ်ပြန် ပြီး နောက်ပိုင်းပေါ်ပေါက်လာတဲ့ အမျိုးသမီးအခွင့်အရေး နှင့် စပ်လျဉ်းသည့် နိုင်ငံတကာနှင့် သက်ဆိုင်သော စာချုပ်စာတမ်းများ၊ ယင်းနှင့် ပတ်သက်သည့် ဥပဒေများ ပြဋ္ဌာန်းလာနိုင်မှုကြောင့် အမျိုးသမီးများနှင့် ပတ်သက် တဲ့ ကဏ္ဍ အသီးသီးဟာ ပိုမိုထိရောက်စွာ အကာအကွယ် ပေးနိုင်စွမ်းတွေ မြင့်တက်လာခဲ့ပါတယ်။ တစ်ခု တွေးဆ ရမှာက အမျိုးသမီးအခွင့်အရေးဆိုတာဟာ အပြော လွယ်သလောက် လက်တွေ့အကောင် အထည်ဖော်ရာ မှာ စိန်ခေါ်မှုများရှိနေတယ်ဆိုတာပါပဲ။ ဒါကို နားလည် သဘောပေါက်ဖို့လည်း လိုအပ်ပါတယ်။ အမျိုးသမီး အခွင့်အရေးဆိုတာမျိုးကို ကမ္ဘာ့နိုင်ငံတွေအနေနဲ့က

ရေရှည်စီမံကိန်းလို မူဝါဒတွေ ချမှတ်ပြီး တစ်ဆင့်ချင်းပဲ အကောင်အထည်ဖော်ရမှာပါ။

ဝေးလံခေါင်သီလွန်းတဲ့ ကျေးလက်ဒေသနယ်မြေများတွင် အရိုးစွဲ ငြိတွယ်နေတဲ့ အမြင်တွေ၊ ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုဆိုင်ရာ ဘက်လိုက်မှုများနှင့် ပြုပြင်ပြောင်းလဲ ပြဋ္ဌာန်းရန် လိုအပ်သော အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဥပဒေများစတဲ့ ကဏ္ဍအားလုံးကို ကိုင်တွယ်ဆောင်ရွက်နိုင်ရန် အတွက် လုံလောက်သော အချိန်ကာလတစ်ခု လိုအပ်မှာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း အမျိုး သမီးအခွင့်အရေးနဲ့ ပတ်သက်လာရင် အငြင်းပွားစရာတွေ၊ စိန်ခေါ်မှုတွေက ရှိနေဆဲပါပဲ။ ဤသို့ဆိုလျှင် မြန်မာအမျိုးသမီးတွေရဲ့ အခွင့်အရေးနဲ့ စံနှုန်းကို စိန်ခေါ်ချက်များမှာ မည်သည့်အရာများ ဖြစ်ပါသနည်း။ မြန်မာနိုင်ငံက အမျိုးသမီး အများစုဟာ ကလေးဘဝကတည်းက တန်းတူညီမျှမှုနှင့် သက်ဆိုင်တဲ့ အခွင့်အရေးတွေကို ဆုံးရှုံးရတာတွေ ရှိခဲ့ပါတယ်။ သားယောကျ်ားလေးနဲ့ သမီး မိန်းကလေး ယှဉ်လာခဲ့ရင် သားယောကျ်ားလေးကို ဦးစားပေးချင်တဲ့ အယူအဆတွေဟာ အရှေ့တိုင်းယဉ်ကျေးမှုများတွင် မထူးဆန်းသော ရှေးရိုးစွဲ ဓလေ့တစ်ခုလိုဖြစ်နေပါတယ်။ အဆိုပါအခြေအနေသည် အမျိုးသမီးတစ်ဦးအတွက် လူ့အဖွဲ့အစည်းသို့ စတင်ထိတွေ့ဆက်ဆံသည့် ကလေးဘဝမှာပင် စိတ်ပိုင်းဆိုင်ရာအရ ကြီးမားလှတဲ့ ခွဲခြားဆက်ဆံမှုတစ်ရပ်ပဲ ဖြစ်ပါတယ်။ ထို့မှတစ်ဆင့် အမျိုးသမီး တစ်ဦး၏ ပညာသင်ကြားရေး၊ လူမှုပတ်ဝန်းကျင် ဆက်ဆံရေးနှင့် သက်မွေးမှုဆိုင်ရာ ကဏ္ဍများတွင် လည်း သက်ဆိုင်ရာ နယ်ပယ်အလိုက် ခွဲခြားမှုများကို တွေ့မြင်နိုင်ပါလိမ့်မယ်။ ဥပမာ–အမျိုးသမီးများ၏ အသက်မွေးမှုနှင့် စပ်လျဉ်း၍ အိမ်ထောင်စု ဇယားများ၊ နိုင်ငံသားစိစစ်ရေးကတ်များတွင် အလုပ်အကိုင်ဖော်ပြမှုနှင့် စပ်လျဉ်း၍ မှီခိုဟု ဖော်ပြချက်များပဲ ဖြစ်ပါတယ်။ ယင်းအခြေအနေများ သည် ရှေးရိုးစွဲအမြင်များနှင့် မသိနားမလည်မှုများကြောင့် ပေါ်ပေါက်လာသည့် အမျိုးသမီးတစ်ဦးရဲ့ ဂုဏ်သိက္ခာကို အလေးမထားသည့် အခွင့်အရေးဆိုင်ရာ ဆုံးရှုံးမှုများပဲဖြစ်ပါတယ်။ မြန်မာ့လူမှု အသိုင်းအဝိုင်းရှိ အချို့သော အမျိုးသမီးများသည် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တဲ့ အရည် အချင်း၊ အလုပ်အကိုင်စတာတွေကို ပိုင်ဆိုင်ထားပြီးတဲ့နောက်မှ မိသားစုအတွက် အချိန်ပေးဖို့ လိုအပ်လာလို့ အဲဒါတွေကို စွန့်လွှတ်ပြီး မိသားစုအတွက် သူတို့ဘဝကို ပေးဆပ်လိုက်ရတာတွေ ရှိပါတယ်။ တစ်ချို့အမျိုးသမီးများသည် ရာထူးရာခံရှိသော ကျောင်းဆရာမ၊ သူနာပြုဆရာမ၊ ဌာန ဆိုင်ရာအရာရှိစတဲ့ အနေအထားတွေကို ပိုင်ဆိုင်ပြီးတဲ့နောက်မှ စွန့်လွှတ် အနစ်နာခံကာ မိမိ၏ ဝါသနာပါရာ အသက်မွေးမှုအလုပ်ကို စတေးပြီး မိသားစုအတွက် စွန့်လွှတ် အနစ်နာခံကြရပါတယ်။ အဲဒီအတွက် သူတို့ရရှိတဲ့ ဂုဏ်ပုဒ်က မှီခိုဆိုတာပဲ ဖြစ်ပါတယ်။ တကယ်တမ်းအိမ်မှု ကိစ္စ အဝဝကို တာဝန်ယူလိုက်ရသူ အမျိုးသမီးတစ်ဦးအတွက် ပိုမိုကြီးမားတဲ့ စိန်ခေါ်မှုတွေဆိုတာ အမြဲတစေ ရှိနေ တတ်ပါတယ်။ ယင်းအတွက် အမျိုးသမီးတစ်ဦးဟာ ထိုက်တန်တဲ့ အသိအမှတ်ပြုမှုကို ရတတ်လေ့မရှိပါဘူး။ ပိုဆိုးသည်မှာ မှီခိုဆိုသော ဂုဏ်သိက္ခာပိုင်းအရ ထိပါးစေသည့် စကားလုံးကို အသုံးပြုကာ အမျိုးသမီးများ၏ အရေးပါမှုကို မှေးမှိန်စေပါတယ်။

ထို့ပြင် အိမ်တွင်းအကြမ်းဖက်မှုသည်လည်း အမျိုးသမီးများအတွက် စိတ်ပိုင်းဆိုင်ရာအရ သာမကရုပ်ပိုင်းဆိုင်ရာအရပါ ထိခိုက်စေသည့် ပြုလုပ်မှုတစ်ခုဖြစ်ပါတယ်။ ထိုသို့ ဆိုလိုရခြင်းမှာ အိမ်တွင်းအကြမ်းဖက်မှုဆိုရာတွင် သွေးရင်း မိသားစုဝင်တစ်ဦးဦး (မိဘ၊ ဘိုးဘွား၊ ခင်ပွန်း၊ ညီအစ်ကို မောင်နှမများ၊ သားသမီးအရင်းများ၊ တရားဝင်မွေးစား သားသမီးများနှင့် တိုက်ရိုက်ဆွေမျိုးတော်စပ် သူများ) ကဖြစ်စေ၊ အိမ်ထောင်စုဝင်တစ်ဦးဦးကဖြစ်စေ အကြမ်းဖက်မှုပြုခြင်းကိုဆိုသည်။ ယင်း သည် နေ့စဉ်နှင့်အမျှ နေရာတိုင်းတွင် ပုံစံမျိုးစုံဖြင့် ကြုံတွေ့နေရသော အကြမ်းဖက်မှု တစ်မျိုး ဖြစ်ပါ တယ်။ ဒါဟာလည်း အမျိုးသမီးတစ်ဦးရဲ့ အခွင့်အရေးကို တစ်နည်းနည်းဖြင့် ချိုးဖောက်ခံနေရတာပဲ ဖြစ်ပါတယ်။

လက်ရှိကာလမှာ အမျိုးသမီးတွေက ကဏ္ဍရပ်တိုင်းကို ပါဝင်ခွင့်ရနိုင်အောင် ကြိုးပမ်းလာကြ တာကိုလည်း မြင်တွေ့နေရပါတယ်။ ဒီမှာ လိုအပ်လာတာကတော့ အမျိုးသမီးတွေကို သူတို့ အခွင့်အရေးနဲ့ လျော်ညီတဲ့ နေရာပေးမှုမျိုးတွေ လုပ်ငန်းခွင်တိုင်းမှာ ထွန်းကား ရှင်သန်တဲ့ အလေ့အထ ထွက်ပေါ်လာစေရေးကို အစပြုနိုင်ပြီလား၊ ထွန်းကားရှင်သန်အောင် ဆောင်ရွက်လာနိုင်ပြီလား ဆိုတာပါပဲ။ ဘာကြောင့် အခုလိုပြောရတာလဲဆိုရင် မြန်မာနိုင်ငံရဲ့ လုပ်ငန်းခွင် အများစုက အလုပ် နေရာတစ်ခုအတွက် ယောကျ်ားလေးဖြစ်

စေ၊ မိန်းကလေးဖြစ်စေ စိတ်ကြိုက် ခန့်အပ်ခွင့်ရှိတယ် ဆိုရင်တောင် အရည်အချင်းတူနေခဲ့ရင် ယောကျ်ားလေးကို ပိုပြီး ဦးစားပေးချင်တတ်တဲ့ အယူအဆ တွေ၊ အမြင်တွေ ရှိနေဆဲမို့ပါပဲ။ ဒီဖြစ်စဉ်မှာ အလုပ်အတွက် ယောကျ်ားလေးကို ဦးစားပေးလိုက်တဲ့ သူအပေါ် အပြစ်တင်ရင်တော့ မှားသွားပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သူ့ကို အပြစ်တင်လိုက် တာဟာ ပြီးပြည့်စုံတဲ့ ဖြေရှင်းနည်း (ဝါ) မှန်ကန်တဲ့ ဖြေရှင်းနည်း မဟုတ်လို့ပါပဲ။ အရင်းအမြစ်ကို ပြန်ရှာကြည့်မယ်ဆိုရင် ဓလေ့ထုံးတမ်းစဉ်လာ အယူအဆ အစွဲတွေဆီကို ရောက်ရှိသွားပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီဓလေ့ထုံးတမ်းတွေထဲမှာကိုက ယောကျ်ားလေးဟာ မိန်းကလေးထက် ပိုပြီး သာလွန်မှုရှိသယောင် ထင်မြင်ယူဆချက်တွေ၊ သုံးသပ်ချက်တွေကို ချန်ထားရစ်ခဲ့လို့ပါပဲ။ ဒါဟာလည်း အမျိုးသမီးတွေအတွက် သူတို့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို တစ်ဖက်လှည့်နဲ့ ဆုံးရှုံးရတာပါပဲ။

ကုလသမဂ္ဂတွင် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသော ဆွေးနွေးမှုများ၊ အရေးဆိုမှုများ ပေါ်ပေါက်လာခဲ့သောကြောင့် အမျိုးသမီးများနှင့် ပတ်သက်သော အရေးကိစ္စများကို ဆောင်ရွက်နိုင် ရန် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေး သဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination Against Women– CEDAW) ကို ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အတည်ပြုချမှတ်ခဲ့ပြီး ၁၉၈၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ယင်းသဘောတူစာချုပ်ကို ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် နောက်မှပါဝင်ချုပ်ဆိုထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ယခုလို အဖွဲ့ဝင်နိုင်ငံ ဖြစ်လာတဲ့အတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဥပဒေတစ်ရပ် ပြဋ္ဌာန်းဖို့ တာဝန်ရှိလာ ပါတယ်။ ဒါကြောင့် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ထုတ် ကြေးမုံ သတင်းစာတွင် အမျိုးသမီး များအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေကြမ်းကို ဖော်ပြခဲ့ပါတယ်။ သို့သော် အဆိုပါ ဥပဒေကြမ်းကို ယနေ့အချိန်အထိ အတည်ပြုပြဋ္ဌာန်းခြင်း မရှိသေးပါ။ ထိုဥပဒေ ပြဋ္ဌာန်းရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အကြမ်းဖက်မှု တားဆီးကာကွယ်ရန်နှင့် အကြမ်းဖက်မှု လျော့နည်းစေရေး အတွက် အသိပညာပေးရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အကြမ်းဖက်ခံရသူအား လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ပေးရန်နှင့် ထပ်မံ အကြမ်းဖက်ခံရမှုများမှ တားဆီးကာကွယ်ရန်၊ အကြမ်းဖက်ခံရသူ၏ ဘဝလုံခြုံမှု ပိုမိုကောင်းမွန် စေရေးနှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်နိုင်စေရန်၊ အကြမ်းဖက်မှု ကျူးလွန်သူကို ထိရောက်စွာ အရေးယူ ဆောင်ရွက်နိုင်ရန်၊ အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ပေးခြင်းဖြင့် အမျိုးသမီးများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာစသည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန်တို့ဖြစ်ပါတယ်။ ယင်းဥပဒေကို ပြဋ္ဌာန်းလိုက်သည်နှင့် တစ်ပြိုင်နက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်နိုင်လိမ့်မယ်ဟု ယုံကြည်မိပါတယ်။

၁၉၉၉ ခုနှစ်တွင် ကျင်းပခဲ့တဲ့ ကမ္ဘာ့ကုလသမဂ္ဂ၏ (၅၄) ကြိမ်မြောက် အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၅၄/ ၁၃၄ အရ နိုဝင်ဘာလ (၂၅) ရက်နေ့ကို "အမျိုးသမီးများအပေါ် အကြမ်း ဖက်မှု ရပ်တန့်ရေးနေ့" အဖြစ် စတင်သတ်မှတ်ခဲ့ပြီး "ဖဲကြိုးဖြူနေ့" ဟုလည်း ခေါ်ကြပါတယ်။ ဖဲကြိုးဖြူတပ်ဆင်ခြင်းကို ပြသခြင်းဖြင့် "အမျိုးသမီးများအပေါ် အကြမ်းမဖက်ပါ။ အကြမ်းဖက်မှု ပပျောက်ရန် ဆောင်ရွက်ရာတွင်လည်း ပါဝင်ဆောင်ရွက်ပါမည်ဟု ကတိပြုသည့် အဓိပ္ပာယ်" ဖြစ်ပါ တယ်။ ဒါကြောင့် နိုဝင်ဘာလ (၂၅) ရက်နေ့မှ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ဖြစ်သည့် ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ ကမ္ဘာတစ်ဝန်းလုံးတွင် ဖဲကြိုးဖြူ လှုပ်ရှားမှုကို (၁၆) ရက်တာ ဆောင်ရွက်ကြခြင်းဖြင့် လူ့အခွင့်အရေး လှုပ်ရှားမှုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြပါတယ်။

ကဏ္ဍာရပ်တိုင်းမှာ အမျိုးသမီးတွေ ပါဝင်ခွင့်ရဖို့အတွက် အမျိုးသမီးတွေ ကိုယ်တိုင်ကပဲ ကြိုးပမ်းအားထုတ်ရလိမ့်မယ်လို့ အမျိုးသမီးအခွင့်အရေး တက်ကြွ လှုပ်ရှားသူတွေက ယူဆကြပါ တယ်။ ဒါဟာ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ “မိမိကိုယ်သာ ကိုးကွယ်ရာ” ဆိုတဲ့ ထုံးနဲ့ သဘောတရားချင်း အတူတူပါပဲ။ ကိုယ်တိုင်ကနေ လမ်းကြောင်းရှာဖွေ၊ ကိုယ်တိုင်ကနေ လမ်းသစ် ဖောက်နိုင်မှပဲ မျှော်လင့်နေတဲ့ အနာဂတ်ဟာ အမျိုးသမီးတွေဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်

ရှိ လာမှာပါ။ ဒီနေရာမှာ အစိုးရတာဝန်ရှိသူတွေဘက်က ပူးပေါင်းပါဝင် ကူညီမှုဆိုတာကလည်း အရေး ကြီးပါတယ်။ အမျိုးသမီးတွေ အကြမ်းဖက်ခံနေရတဲ့ ဖြစ်စဉ်တွေ အခုအချိန်ထိ တိတိပပ လျော့ကျ သွားတာမျိုး မရှိသေးတာကတော့ အစိုးရဘက်က ထိထိရောက်ရောက် ကိုင်တွယ်မှုပဲ ပြေလည်သွားမယ့် ဖြစ်စဉ်မျိုးတွေပါ။ ခွဲခြားဆက်ဆံ ခံနေရတဲ့ အမျိုးသမီးတွေ အခွင့်အရေး အပြည့်အဝရရှိစေဖို့အတွက် ကဏ္ဍအသီးသီးမှာ အမျိုးသမီးတွေ ပါဝင်မှု ၃၀ ရာခိုင်နှုန်းရှိလာစေဖို့ ဆောင်ရွက်သွား ကြရမှာဖြစ်ကြောင်း နိုင်ငံတော်အဆင့်တာဝန်ရှိသူများ၏ ထုတ်ဖော်ပြောကြားချက်တွေလည်း ရှိခဲ့ ပါတယ်။ လက်ရှိမှာတော့ နယ်ပယ်အားလုံးမှာ အမျိုးသမီးတွေ ဟန်ချက်ညီညီ ဖွံ့ဖြိုးလာစေဖို့ အတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၁၃- ၂၀၂၂) ဦးစားပေးလုပ်ငန်း၊ နယ်ပယ် ၁၂ ရပ်ကို အခြေခံပြီး အကောင်အထည်ဖော် ဆောင်ရွက်တာတွေလည်း ရှိလာလို့ အမျိုးသမီးတွေရဲ့ အခွင့်အရေးဟာ အတိတ်ကာလနဲ့ နှိုင်းယှဉ်ရင် အတိုင်းအတာ တစ်ရပ်အထိ တိုးတက်လာနေပြီလို့ ဆိုနိုင်ဖွယ်ရာ ရှိပါတယ်။

ကဏ္ဍအသီးသီးမှာအမျိုးသမီးတွေ အမှန်တကယ် ပါဝင်ခွင့်ရရှိဖို့ လိုအပ်သလို ပါဝင်ခွင့် ရရှိ တဲ့ နေရာတိုင်းမှာ အမျိုးသမီးတွေကို ဆုံးဖြတ်ချက် ချပိုင်ခွင့်ရှိတဲ့ နေရာမျိုးတွေမှာ နေရာပေးတာ မျိုး၊ အင်အားပြရုံ သက်သက် သဘောမျိုး မဟုတ်ဘဲ လူ့အဖွဲ့အစည်းထဲမှာ အမျိုးသမီးတွေဟာ လည်း အမျိုးသားတွေနည်းတူ စွမ်းဆောင်ရည် ရှိတာကို ထုတ်ဖော်ပြသခွင့်ရတဲ့ နေရာမျိုးတွေမှာ ထားရှိတာမျိုးတွေ ဖြစ်ပေါ်လာဖို့ လိုအပ်တယ်လို့ ကမ္ဘာတစ်ဝန်းဆီက အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူတွေကလည်း ပြောဆိုတာတွေရှိနေပါတယ်။ သေချာတာတစ်ခုကတော့ အမျိုးသမီး အခွင့်အရေးအတွက် ကြိုးပမ်းမှုတွေဟာ အခုမှ ခြေလှမ်းစရုံ အဆင့်သာရှိနေဆဲဖြစ်လို့ တိကျခိုင်မာ တဲ့ မူဝါဒတွေ ပေါ်ထွက်လာနိုင်ရေးအထိ ချီတက်မယ်ဆိုရင် စိန်ခေါ်မှုတွေနဲ့ ခရီးရှည်ကြီး ကျန်နေ ပါသေးတယ်။

လက်ရှိကာလမှာတော့ မသန်စွမ်းအမျိုးသမီးငယ်တွေကလည်း အခွင့်အရေးချိုးဖောက်ခံရမှု တွေရှိလို့ နေပါတယ်။ တစ်ချို့သော သက်ငယ်မုဒိမ်းမှုတွေကို လေ့လာကြည့်မယ်ဆိုရင် မသန်စွမ်း အမျိုးသမီးတွေဟာ သားကောင်ဘဝဆီ ကျရောက်သွားတာကိုလည်း မြင်တွေ့ကြရမှာပါ။ နိုင်ငံ့ လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ အမျိုးသမီးတွေ ဖြစ်နေတဲ့အတွက် အမျိုးသမီးတွေဟာ စောင့်ရှောက်မှု ပေးခံရဖို့ လိုအပ်နေသူတွေ၊ အမိန့်ပေးတာကို လိုက်နာရမယ့် သူတွေ၊ နောက်လိုက် နေရာကပဲ နေထိုင်ရမယ့် သူတွေဆိုတဲ့ အမြင်အတွေးတွေကိုလည်း ပြုပြင်ပြောင်းလဲဖို့ လိုအပ်တာ တွေ ရှိနေပါတယ်။ အမျိုးသမီးတွေဟာလည်း လူသားတစ်ယောက်ဖြစ်တဲ့အတွက် လူသားတစ်ဦး အဖြစ်သာ အမြင်ထားရှိပေးဖို့ လိုအပ်ပါတယ်၊ အမျိုးသမီးတွေနဲ့ ပတ်သက်ပြီး ပြုပြင်ပြောင်းလဲ သင့်တဲ့ အမြင်တွေကို ပြောင်းလဲဖို့ လိုအပ်လာပြီလို့ အမျိုးသမီးရေးရာ တက်ကြွလှုပ်ရှားသည့် အဖွဲ့ အစည်းတွေက ယူဆတာတွေလည်း ရှိနေပါတယ်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ၊ စိတ်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုတွေ၊ နှုတ်နဲ့ ဖြစ်စေ၊ ကိုယ်အမူအရာနဲ့ ဖြစ်စေ စော်ကားတာတွေ၊ လိင်ပိုင်း ဆိုင်ရာ ထိပါးနှောင့်ယှက်တာတွေ၊ နှိမ့်ချစော်ကားတဲ့ အသုံးအနှုန်းတွေနဲ့ နာမည်တပ်ခေါ်ဆို ဆက်ဆံတာတွေကို အမျိုးသမီးတွေ ရင်ဆိုင်နေရတာတွေကလည်း အခုအချိန်ထိ ရှိနေဆဲပါပဲ။ ယင်း တို့သည် အမျိုးသမီးများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတို့အပေါ် လေးစားမှုမရှိသော ပြုမူ ဆက်ဆံမှုတွေပဲဖြစ်ပါတယ်။

အချုပ်အားဖြင့် ဆိုရသော် နှစ်ဆယ့်တစ်ရာစု ကာလသည် အမျိုးသမီးတွေအတွက် ပိုမိုပွင့်လင်းသော ခေတ်ကာလတစ်ခုကို ရောက်ရှိနေပြီလို့ ဆိုနိုင်ပါတယ်။ အမျိုးသမီးများသည် ယခင် ထက်ပိုမို လွတ်လပ်စွာ လူ့အဖွဲ့အစည်းတွင် ပြုမူပြောဆိုဆက်ဆံ ပါဝင်လာနိုင်ပါတယ်။ ဒါပေမဲ့ အဆိုပါ အခြေအနေများကို ယခင်ထက် ပိုမိုကောင်းမွန်ဖို့ကိုတော့ ဆက်လက် အားထုတ်ရဦးမှာပါပဲ။ အထူးသဖြင့် လက်ဆင့်ကမ်း သယ်ဆောင်မှုတွေကို ဒီကနေ့ အမျိုးသမီးတွေကနေ မျိုးဆက် သစ် အမျိုးသမီးငယ်တွေဆီ မျိုးစေ့ချပေးရဦးမှာပါ။ အထူးသဖြင့် အမျိုးသမီးအခွင့်အရေး ဆိုတာဟာလည်း တကယ်တော့ တန်ဖိုးကြီးမားလှတဲ့ လူ့အခွင့်အရေးတစ်ရပ်ပါပဲ။ လင်းပွင့်လာတဲ့ အမျိုးသမီး အခွင့်အရေး လင်းရောင်ခြည်သစ်ကို ဖမ်းဆုပ်ပြီး အနာဂတ်မှာ ပီပြင် ထင်ရှားတဲ့ အမျိုးသမီးများနှင့် သက်ဆိုင်တဲ့ စံတန်ဖိုးများကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ပြီး အမျိုးသမီး အခွင့်အရေးကို ပိုမို ရရှိစေရန်နှင့် အမျိုးသမီးတို့ အနာဂတ်ကို တောက်ပစေရန် ဆက်လက် စွမ်းဆောင်သွားရမှာက အမျိုးသမီးထု

တစ်ရပ်လုံးအတွက် သမိုင်းပေးတာဝန်သာ ဖြစ်တယ်လို့ ဆန္ဒပြုရင်း ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုဂုဏ်ပြု ရေးသားလိုက်ရပါတော့သည်။

---

“To deny people their human rights are to challenge their very humanity.”

**“လူအများ၏ လူ့အခွင့်အရေးကို ငြင်းပယ်ခြင်းသည် သူတို့၏ လူသားမျိုးနွယ် ဖြစ်မှုအစစ်အမှန်ကို စိန်ခေါ်ခြင်းပင်ဖြစ်သည်။”**

Nelson Mandela (1918– 2013)

---

## ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း

**အပိုဒ် ၁**

လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်။ လူတို့၌ ဆင်ခြင်တုံတရားနှင့် အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ် ရှိကြ၍၊ တစ်ဦးကိုတစ်ဦး ညီရင်းအစ်ကို စိတ်ဓာတ်ဖြင့် ဆက်ဆံကျင့်သုံးသင့်သည်။



# ENGLISH SECTION

## Awareness raising workshop for the senior officials of the departments in the Yangon Region



March 14

The Myanmar National Human Rights Commission (MNHRC) has been striving to raise the public awareness of human rights through dissemination of information and education by various means under Section 22 (a) of the Commission Law. As 2023 is the 75th Anniversary of the Universal Declaration of Human Rights, the Commission has been enhancing its activities of human rights promotion and education and accordingly, an awareness raising workshop on the rights described in the Universal Declaration of Human Rights was held at Lotte Hotel, in Yangon at 9 am on 14 March 2023.

The opening ceremony of the workshop was attended by the Chief Minister U Soe Thein and the Ministers of the Yangon Region Government, the Chairman and members of the Myanmar National Human Rights Commission and the senior officials of the Yangon Region. U Soe Thein, the Chief Minister delivered an opening speech and U Hla Myint, Chairman of the Myanmar National Human Rights Commission, made introductory remarks respectively at the opening ceremony. The workshop was held afterwards and Deputy Director–General Dr. Daw Khine Khine Win showed the video clip of the Universal Declaration of Human Rights and introduced and discussed the Declaration. It was followed by the discussion of the rights described in the Declaration by Directors U Zaw Lwin Htoo and U Arkar Hein Soe of the Commission. Finally, the Deputy Director– General summed up the discussions during the workshop and answered the questions raised by the participants of the



workshop. The Myanmar National Human Rights Commission, by holding such workshops, aims at increasing the knowledge of human rights in human resources and thereby enabling citizens of the country in order to cooperate in the processes for the tranquility, peace, rule of law and development

## MNHRC holds Divisional Presentation Event





March 10


In order to improve Human Rights knowledge and English language proficiency, the Myanmar National Human Rights Commission, held the Divisional Presentation Event relating to Human Rights Subjects with Hybrid Format on 10 March 2023 at Conference Room of MNHRC. It was followed by opening remarks made by U Hla Myint, Chairman of the MNHRC at 10 am on the same day. Then, the presentation entitled “4 Pillars of the Rights of the Child” was delivered by Daw May Hnin Thu and Daw Aye Sandar Myint, Staff Officers of the Legal Affairs Division. Chairman and Commissioners of the Commission made particular comments and suggestions on their presentation. The event successfully came to an end at 11:30 am.

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bahtoo)



March 22

As part of the Commission’s promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Dr.Than Myint, the Commissioner and U Zaw Lwin Htoo, the Director of the commission office simultaneously gave lectures on human rights at the Battalion Commander Training Course (No.105) and the Company Commander Training Course (No.216) held at Myanmar Army Combat Force School (Bahtoo) on 22 March 2023 from 12:00 pm to 3:00 pm. In doing so, Commissioner Dr. Than Myint delivered the lecture on Human Rights Concept and Director U Zaw Lwin Htoo gave the lectures on Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of 177 army officers attended the above-mentioned courses; 62 army officers at the Battalion Commander Training Course (No.105) and 115 army officers at the Company Commander Training Course (No.216) Bahtoo.



# MNHRC Gives Human Rights Lecture at Elderly Day Care Center (Mayangone)



March 20

As part of the Commission's promotion of human rights awareness under Section 22 (a) of the Myanmar National Human Rights Commission Law, Commissioner Dr. Than Myint, gave lectures on Human Rights Concept at Caregiver for Elders Course (No–13) held at the elderly day care center (Mayangone) on 20 March 2023 from 9:00 am to 12:00 pm. In doing so, Staff Officer U Kaung Khant Zin delivered the lectures on Older Person's Rights and Universal Declaration of Human Rights. After that the lecturer answered the questions asked by the trainees and elders. A total of 20 trainers and elders of day care center attended the above–mentioned course.



---

# Ceremony of International Women's Day

March 8

Commissioner Daw Nu Nu Yin,at the invitation by the Ministry of Social, Welfare, Relief and Resettlement, attended "Ceremony of International Women's Day, 2023" at MICC–2 in Nay Pyi Taw on 8 March 2023.


---

# MNHRC Gives Human Rights Lecture at Myanmar Army Combat Force School Bayintnaung



March 22

As part of the Commission's promotion of human rights awareness raising  under Section 22 (a) of the Myanmar National Human Rights



Commission Law, Dr. Tin Maung Maung Than, the commissioner and Dr. Khine Khine Win, the Deputy Director–General of the commission office simultaneously gave lectures on human rights

at the Company Commander Training Courses (No.85 and No.86) at MACFS (Bayintnaung) on 22 March 2023 from 12:00 pm to 3:00 pm. In doing so, Commissioner Dr. Tin Maung Maung Than delivered the lecture on Human Rights Concept and Dr. Khine Khine Win, the Deputy Director-General of the commission office gave the lectures on Universal Declaration of Human Rights, about National Human Rights Institutions (NHRIs) and the Organization and Functions of Myanmar National Human Rights Commission. A total of 238 army officers attended the above-mentioned courses.

---

## MNHRC Gives Human Rights Lecture at Special Investigation Training School (Taungoo)

March 29

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, U Phone Kywel, Director-General gave lectures on human rights at Law (Special) Course (No.1/2023) held at Investigation Officer Training School (Taungoo) of Bureau of Special Investigation on 29 March 2023 from 8:00 am to 9:50 am. In doing so, Director-General U Phone Kywel delivered the lectures on Human Rights Concept, Universal Declaration of Human Rights, Myanmar National Human Rights Commission and related issues on Promotion and Protection of Human Rights. After that the lecturer answered the questions asked by trainees. A total of 20 staff officers attended the above-mentioned course.

---

## MNHRC Gives Human Rights Lecture at Police Officer Training School (Mandalay)



March 30

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, U Phone Kywel, Director-General gave lectures on human rights at Law (Special) Course (No.1/2023) held at Investigation Officer Training School (Taungoo) of Bureau of Special Investigation on 29 March 2023 from 8:00 am to 9:50 am. In doing so, Director-General U Phone Kywel delivered the lectures on Human Rights Concept, Universal Declaration of Human Rights, Myanmar National Human Rights Commission and related issues on Promotion and Protection of Human Rights. After that the lecturer answered the questions asked by trainees. A total of 20 staff officers attended the above-mentioned course.

## MNHRC Gives Human Rights Lecture at Civil Service Academy (Upper Myanmar)

March 20

As part of the Commission's promotion of human rights awareness raising  under Section 22 (a) of the Myanmar National Human Rights Commission Law, Dr. Khine Khine Win, the Deputy Director–General gave lectures on human rights at the Management Course for Executive Level Officials (No.12) and the Management Course for Senior Level Officials (No.13) held at the Civil Service Academy (Upper Myanmar) on 20 March 2023 from 8:00 am to 11:50 am. In doing so, Deputy Director–General, Dr. Khine Khine Win delivered the lectures on Organization and Functions of Myanmar National Human Rights Commission and Human Rights Concept. After that the lecturer answered questions asked by the trainees. A total of 56 Senior Officials attended the above–mentioned courses; 17 Deputy Directors–General at the Management Course for Executive Level Officials (No.12) and 39 Directors at the Management Course for Senior Level Officials (No.13).

## MNHRC Gives Human Rights Lecture at Ministry of Social Welfare Relief and Resettlement



March 6

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, U Zaw Lwin Htoo, Director of the Commission gave a lecture on human rights at "Course of Awareness on Human Rights Conventions" held at the Ministry of Social Welfare, Relief and Resettlement on 6 March 2023 from 10:30 am to 02:15 pm. In doing so, Director U Zaw Lwin Htoo discussed the basic concept of human rights and core conventions of human rights. After that, the lecturer answered the questions asked by the trainees. A total of 25 trainees from the ministry concerned attended the above–mentioned course.

## MNHRC Gives Human Rights Lecture at the Prison Department (Naypyidaw)

March 20



As part of the Commission's promotion of human rights awareness raising  under Section 22 (a) of the Myanmar National Human Rights Commission Law, Daw Mi Mi Khaing, Deputy Director gave lectures on human rights at Superintendent Course (No–17) held at the Prison Department office (No.49) Naypyidaw on 20 March 2023 from 12:00 pm to 4:00 pm. In doing so, Deputy Director

Daw Mi Mi Khaing delivered the lectures on Human Rights Concept, Universal Declaration of Human Rights, Myanmar National Human Rights Commission and its Activities. After that the lecturer answered the questions asked by the trainees. A total of 40 officers attended the above–mentioned course.

---

## MNHRC Gives Human Rights Lecture at Staff Training School (Mandalay)



March 22

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Daw Mi Mi Khaing, Deputy Director gave lectures on human rights at the Assistant Supervisor–1 Course (No–17) held at the Staff Training School (Mandalay) of Prison Department on 22 March 2023 from 12:00 pm to 4:00 pm. In doing so, Deputy Director Daw Mi Mi Khaing delivered the lectures on Human Rights Concept, Universal Declaration of Human Rights and Organization and Functions of Myanmar National Human Rights Commission. After that the lecturer answered the questions asked by the trainees. A total of 149 officers attended the above–mentioned course.

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁၆၅၄၆၇၀

website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့် ဇော်ဂျီ
လမ်းထောင့်၊ရွှေကြာပင်ရပ်ကွက်၊
ဇမ္ဗူသီရိမြို့နယ်။
ဖုန်း- ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်းအနောက်
ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊
မန္တလေးမြို့။
ဖုန်း-၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊
ပြည်နယ်ရုံး၊ စစ်တွေမြို့။
ဖုန်း-၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း- ၀၄၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm